ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

လူထု ဗဟိုပြု စီမံကိန်း

Community Driven Development

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

(ဒုတိယနှစ်စီမံကိန်း စက်ဝန်း)

မမယမ်း ကျေးရွာအုပ်စု၊ စဖျင်ကြီး ကျေးရွာ

၂၀၁၇ ခုနှစ်

မာတိကာ

စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ် (PRA/PSA)

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များစာရင်း

၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (ပုံစံ - ၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၂။ အစည်းအဝေးမှတ်တမ်း

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



ဝါးချင်းကြီးကျေးရွာ ခါခါသာင်းအုပ်စု

## အုပ်စု အတွင်း ပါဝင်သော ကျေးရွာများ စာရင်း

၁။ တိုက်တူ ကျေးရွာ

၂။ ဝါးချင်းကြီး ကျေးရွာ — စသည်တို့ ဖြစ်ကြပါသည်။

# ကျေးရွာသမိုင်းကြောင်း ပြောပုံသုံးသပ်ချက်

စမျဉ်းကြီးကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ စမျဉ်းကြီးကျေးရွာသည် စစ်ဘေးဒဏ်ကား ကြိမ်ဖန်များစွာ ခံစားခဲ့ရပြီး ၂၀၁၁ ခုနှစ် နောက်ပိုင်းများမှ နယ်မြေအေးချမ်း လာခဲ့ပါသည်။ ထို့ကြောင့် စမျဉ်းကြီးကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး နှင့် ပညာရေးတွင် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါသည်။

ရွာသူ ရွာသားများသည် ကျေးရွာ့ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကိုယ်ထူကိုယ်ထ စည်းစည်းလုံးလုံး ဖြင့် ဆောင်ရွက်နေကြပါသည်။ သို့ပါသော်လည်း ရွာလူထုအနေဖြင့် ကျေးရွာ့ဖွံ့ဖြိုးရေးများ ဆောင်ရွက်ရာတွင် ရံပုံငွေလုံလောက်မှုမရှိခြင်း၊ နည်းပညာ ကျွမ်းကျင်မှု မရှိခြင်း တို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အောင်မြင်မှု အနည်းငယ်သာ ရရှိခဲ့ပါသည်။

စမျဉ်းကြီးကျေးရွာ၏ အဓိက အခက်အခဲမှာ စမျဉ်းကြီးရွာ နှင့် ထိုက်ကုရွာ ကြားတွင်ရှိသော သစ်သားတံတား ပျက်စီးနေခြင်း ဖြစ်ပါသည်။ အဆိုပါတံတားသည် ထက်လာတောချောင်ရှိ ဒေသတွင်းမှ ရွာများ နှင့် စမျဉ်းကြီးရွာမှ ရွာသူ၊ ရွာသားများ အများဆုံး အသုံးပြုသော လမ်းပေါ်တွင်ရှိပါသည်။ အဆိုပါတံတားသည် ကလေးများ ပညာသင်ကြားရေး အတွက် သွားလာရာတွင် အန္တရာယ်များစွာ ရှိနေပါသည်။


ယခုအခါတွင် လူထုဗဟိုပြုစီမံကိန်း မှာ ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရံပုံငွေထောက်ပံ့ခြင်း၊ နည်းပညာ အကူညီများ ရရှိ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သော လမ်းပြုပြင်ခြင်း၊ ရေပြွန်တည်ဆောက်ခြင်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စက်ဝန်းတွင် ကျေးရွာ၏ အဓိက အခက်အခဲ ဖြစ်သော ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းအား ရံပုံငွေ မလုံလောက်သဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။

[illegible] ကြီး ကျေးရွာ ........ [illegible] အုပ်စု

လူထု ပူးပေါင်းပါဝင်သော လူမှုစိစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်

( PRA - PSA အကျဉ်းချုပ် )

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေး ချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှု အရင်းအမြစ်ပြ မြေပုံ | 26/2/2017 | ရွာလူထု | ၇ | ၂၀ | ၂၇ | ကျေးရွာတည်နေရာ၊ ရွာအတွင်းရှိ အဓိကအရင်း အမြစ်များ အကြောင်း |
| ၂ | ဆင်းရဲ/ချမ်းသာ အဆင့်ခွဲခြားခြင်း | 26/2/2017 | ရွာလူထု | ၇ | ၂၀ | ၂၇ | ရွာလူထု၏ ပိုင်ဆိုင်မှုများ နှင့် ချမ်းသာမှု သတ်မှတ်ခွဲခြားခြင်း |
| ၃ | ရာသီခွင်ပြ ပြက္ခဒိန် | 26/2/2017 | ရွာလူထု | ၇ | ၂၁ | ၂၈ | ရွာအတွင်း ရာသီအလိုက် အလုပ် လုပ်ချိန်၊ ရာသီဥတု၊ ပွဲလမ်းသဘင် လူမှုရေး ကိစ္စများ အကြောင်း |
| ၄ | အရင်းအမြစ်များ ပိုင်ဆိုင်မှု၊ အသုံးပြု မှု နှင့် ထိန်းချုပ်ခြင်း | 26/2/2017 | ရွာလူထု | ၇ | ၂၁ | ၂၈ | ရွာအတွင်းရှိ အရင်းအမြစ်များ အား ပိုင်ဆိုင်မှု၊ အသုံးပြုမှု နှင့် ထိန်းချုပ်ခြင်းများ အကြောင်း |
| ၅ | [illegible] သုံးသပ်ခြင်း | 26/2/2017 | ရွာလူထု | ၁၄ | ၄၁ | ၅၅ | ရွာအတွင်းရှိ အမျိုးသား၊ အမျိုးသမီး တို့၏ လူနေမှုကို လေ့လာ |
| ၆ | အဖွဲ့အစည်း ချိတ်ဆက်မှု | 26/2/2017 | ရွာလူထု | ၁၄ | ၄၁ | ၅၅ | ရွာအတွင်း အဖွဲ့အစည်း နှင့် ရွာပြင်ပ အဖွဲ့အစည်း ချိတ်ဆက်မှု |
| ၇ | ပြဿနာသစ်ပင် | 26/2/2017 | ရွာလူထု | ၁၄ | ၄၁ | ၅၅ | ကျေးရွာ၏ အဓိက စိန်ခေါ်မှုအား ပြဿနာသစ်ပင်ပုံ ဆွဲ၍ လေ့လာခြင်း |




စလှုင်ကြီး ကျေးရွာ အရင်းအမြစ်ပြမြေပုံ

စမျှင်ကြီး ကျေးရွာ — မာခသင်း အုပ်စု

## အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

စမျှင်ကြီးကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။ ရွာ၏ မြောက်ဘက်တွင် ထိုက်တူရွာ ၊ တောင်ဘက်တွင် ကရင်ဝက်လာတော ကျေးရွာ ၊ အရှေ့ဘက်တွင် လယ်ကွင်းများ နှင့် အင်း ၊ အနောက်ဘက်တွင် အင်း နှင့် မာခသင်းကျေးရွာ (ရွာကျက်) များ တည်ရှိပါသည်။ စမျှင်ကြီး ကျေးရွာတွင် ကရင်လူမျိုး (၆၉) အိမ်ထောင်စု ရှိပါသည်။ (၆၈) အိမ်ထောင်စု မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ပြီး ၊ (၁) အိမ်ထောင်စု မှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါသည်။ ရွာတွင် စေတီ နှင့် ဘုန်းကြီးကျောင်း ရှိပြီး ထိုက်တူ နှင့် စမျှင်ကြီး (၂) ရွာပေါင်း၍ ကိုးကွယ်ကြပါသည်။ စမျှင်ကြီး ရွာတွင် ခရစ်ယာန်အသင်းတော်မှ ဖွင့်လှစ်ထားသော မူကြို ကျောင်း ရှိပါသည်။

### သောက်သုံးရေ

စမျှင်ကြီး ရွာတွင် သောက်သုံးရေရရှိရန်အတွက် ယက်ဒွင်ပိုက်အဝီစိတွင်းများ ကိုသာ အများသုံး အသုံးပြုကြပြီး ရေတွင်းများလည်း ရှိပါသည်။ ရေကန် နှင့် ရေတွင်းများသည် နွေရာသီတွင် ရေခမ်းခြင်းတို့ကြောင့် သောက်သုံးရေသန့် များ သုံးဆောင်ရန် မရရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။

### လမ်းပန်းဆက်သွယ်ရေး

စမျှင်ကြီး ကျေးရွာတွင် အသုံးပြုသော ရွာတွင်းလမ်းများ ၊ ကျေးရွာချင်းဆက်လမ်းများ နှင့် တံတား ၊ ရေပြွန် များသည် ရွာသူ ၊ ရွာသားများ ကိုယ်တိုင်ကိုယ်ထူ ဆောက်လုပ်ချင်းများသာ ဖြစ်ကြပါသည်။ လမ်းများသည် မြေသားလမ်းများ ဖြစ်နေခြင်းကြောင့် မိုးရာသီတွင် လမ်းများ ပျက်စီး၍ နှစ်တိုင်း ပြုပြင်နေကြရပါသည်။ ရွာချင်းဆက် တံတားသည် သစ်သား တံတား ဖြစ်ခြင်း ၊ ဆွေးမြည့်လာခြင်းတို့ကြောင့် ပြုပြင်မှုများ ဆောင်ရွက်ရာတွင်

အခက်အခဲများစွာ ရှိနေပါသည်။ အဆိုပါတံတားသည် ကျေးရွာချင်း ဆက် လမ်းပေါ်တွင် ရှိနေ၍ ရွာသူ/ရွာသားများ သွားလာရေး နှင့် ကလေးများ ပညာသင်ကြားရန်အတွက် သွားလာရာတွင် အန္တရာယ်များစွာ ရှိနေပါသည်။ လှူတူ ၁၇ ဟိုပြု (၁၀၀၁၈ နှစ်ခရစ်တော်ဝန်း) တွင် အဆိုပါတံတားအား ရုံပုံငွေ လုံလောက်မှု မရှိခြင်း ကြောင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းအား ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ဝိုင်းကိုင်း မှ စာသင်ကျောင်းသွားလမ်းအား ဝံ့ခင်းခြင်း နှင့် ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်းများကိုသာ ဆောင်ရွက် ခဲ့ပါသည်။ ယခုအခါတွင် စာသင်ကျောင်းလမ်းလေးမှာ ကာသီမရွေး သွားလာ ရေး အဆင်ပြေလျက်ရှိပါသည်။

ပညာရေး

ဝါးချင်းကြီး ကျေးရွာတွင် အခြေခံပညာ မူလတန်း (လွန်) ကျောင်းရှိပါသည်။ ခရစ်ယာန် အသင်းတော်မှ ဖွင့်လှစ်ထားသော မူကြို ကျောင်းလည်းရှိပါသည်။ အလယ်တန်း ကျောင်းသူ/ကျောင်းသားများသည် ကျွဲတလင်း အထက်တန်းကျောင်း သို့ သွားရောက် ပညာသင်ကြားရပါသည်။ ရွာတွင်ရှိသော စာသင်ကျောင်း ဆောင်မှာ သေး၍ ကလေးများ ပညာကြားရာတွင် အခက်အခဲများ ရှိနေပါ သည်။

ကျန်းမာရေး

ဝါးချင်းကြီး ကျေးရွာတွင် ဆေးပေးခန်း နှင့် ကျန်းမာရေးဝန်ထမ်း မရှိ ခြင်းကြောင့် ကျန်းမာရေး နှင့် ပတ်သက်သော ဝန်ဆောင်မှုများ ပြုလုပ်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်နေရပါသည်။ လမ်းများ နှင့် တံတား ပျက်စီးနေ ခြင်းမှာလည်း ကျန်းမာရေး ကိစ္စများ ဖြေရှင်းရာတွင် အခက်အခဲ ဖြစ်လျက် ရှိနေပါသည်။

## စီးပွားရေး

ဝဖျင်ကြီးကျေးရွာတွင် နေထိုင်ကြသူများသည် လယ် ၊ ယာ ၊ အင်း လုပ်ငန်းများကိုသာ အများဆုံး လုပ်ကိုင်ကြပါသည်။ အချို့မှာ ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်ကြပါသည်။ လယ်ကိုင်း လုပ်ငန်းများ လုပ်ကိုင်ရာတွင် နှစ်စဉ်ရေကြီး ၊ ရေလျှံခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကျခြင်း ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမားခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်မပြေမှုများ ရှိနေပါသည်။

## အနှစ်ချုပ်

ဝဖျင်ကြီးကျေးရွာတွင် အဓိက ရင်ဆိုင်နေရသော အခက်အခဲများမှာ ရွာတွင်းလမ်း ၊ ရွာချင်းဆက်လမ်း နှင့် တံတားများ ပျက်စီးနေခြင်းတို့ပဲ ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်းကြောင့် ကလေးများ ပညာသင်ကြားရန် သွားလာရာတွင် အခက်အခဲရှိခြင်း ၊ ရွာသူရွာသားများ၏ စီးပွားရေး ၊ ကျန်းမာရေး နှင့် လူမှုရေးကိစ္စများ အဆင်မပြေခြင်းများ ဖြစ်ကြပါသည်။ အခြားအခက်အခဲများမှာ စာသင်ကျောင်း မလုံလောက်ခြင်း ၊ နွေရာသီတွင် သောက်သုံးရေ ရှားပါးခြင်း ၊ ဆေးပေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း မရှိခြင်း စသည်တို့ ဖြစ်ကြပါသည်။

ဦးဆောင်ဆွေးနွေးသူ - ဦးအောင်မွန်ကျော်

ပါဝင်ဆွေးနွေးသူများ - ရွာလူထု (ကျား ၇ ၊ မ-၂၀ )

ကျေးရွာ ---ဝဖြူခင်ကြီး-----　　　　ကျေးရွာအုပ်စု ---ပေါပေါ်ကြီး------

ရက်စွဲ ။ ၂၆ - ၂ - ၂၀၁၇

## ချမ်းသာကြွယ်ဝမှုအဆင့်ခွဲခြင်း ဇယား

| အမျိုးအစား | သတ်မှတ်ချက်/ ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | % |
|---|---|---|---|
| ချမ်းသာခြင်း | အုတ်တိုက်နံကပ် ပျဉ်ထောင်သွပ်ပြားမိုးအိမ်၊ လယ် (၂၀) ဧက၊ နွား (၁၁) ရှဉ်း၊ လှည်း (၁) စီး၊ လယ်ယာသုံးစက် ဆိုလာ၊ ဓါတ်TV၊ ဆိုင်ကယ်၊ ငွေ | ၁၆ | ၂၃ % |
| အလယ်အလတ် | မြေစိုက်ဝါးထရံကာ သက်ကယ်မိုး၊ လယ် (၅) ဧက၊ နွား (၁) ရှဉ်း၊ လှည်း (၁) စီး၊ ဓါတ်TV၊ ဆိုင်ကယ်၊ စက်ဘီး၊ ငွေ | ၃၇ | ၅၄ % |
| နွမ်းပါး | လုံးချင်းတိုင် ရင်းကာ သက်ကယ်မိုး၊ လက်လုပ်လက်စား၊ စက်ဘီး၊ ငွေ | ၁၆ | ၂၃ % |
| ~~အလွန်နွမ်းပါး~~ | | | |
| စုစုပေါင်း | | ၆၉ | ၁၀၀% |

စချုန်ကြီး ကျေးရွာ　　　　　　　　မဲခါယာပြီးအုပ်စု

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ချက် သုံးသပ်ချက်

စချုန်ကြီး ကျေးရွာတွင် လူမှုရေး အဆင့်ပြ မြေပုံအရ ပြေလည်သောအုပ်စု ၊ အလယ်အလတ်အုပ်စု ၊ မပြေလည်သောအုပ်စု ဟူ၍ (၃) အုပ်စု ရှိပါသည်။

အုတ်ဖိနပ်ခံ ပျဉ်ထောင် သွပ်မိုး ၊ လယ် (၂၀) ဧက ၊ နွားယာ ရှဉ်း ၊ လှည်း (၁) စီး ၊ လယ်ယာသုံးစက် ၊ ဆိုလာ ၊ ခေါက် TV ၊ ဆိုင်ကယ် နှင့် ငွေ စသည်တို့ကို ပိုင်ဆိုင်သော အိမ်ထောင်စုများကို ပြေလည်သော အုပ်စု အဖြစ် သတ်မှတ်ထားပါသည်။ အိမ်ထောင်စု (၁၆) စု ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၃ % ရှိပါသည်။

မြေစိုက် ဝါးထရံကာ သက်ကယ်မိုး ၊ လယ် (၅) ဧက ၊ နွားယာ ရှဉ်း ၊ လှည်း (၁) စီး ၊ ခေါက် TV ၊ ဆိုင်ကယ် ၊ စက်ဘီး ၊ ငွေ စသည်တို့ကို ပိုင်ဆိုင်သော အိမ်ထောင်စုများကို အလယ်အလတ်အုပ်စု အဖြစ် သတ်မှတ်ထားပြီး အိမ်ထောင်စု (၃၇) စု ရှိပါသည်။ ရာခိုင်နှုန်းအားဖြင့် (၅၄ %) ရှိပါသည်။

လုံးချပ်တိုင် ဂုန်ကာ သက်ကယ်မိုး အိမ် ၊ လက်လုပ်လက်စား စက်ဘီး ၊ ငွေ စသည်တို့ကို ပိုင်ဆိုင်ထားသော အိမ်ထောင်စုများကို မပြေလည်သော အုပ်စု အဖြစ် သတ်မှတ်ထားပါသည်။ အိမ်ထောင်စု (၁၆) စု ရှိပြီး (၂၃ %) ရှိပါသည်။

## ပြဿနာ အနှစ်ချုပ်


စချုန်ကြီး ကျေးရွာတွင် ရွာတွင်းလမ်း ၊ ရွာချင်းဆက် တံတား နှင့် လမ်းများ ပျက်စီးနေခြင်း ကြောင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေပါသည်။ လမ်း နှင့် တံတားများ ကောင်းမွန်လာပါက သွားလာရေး အဆင်ပြေပြီး ရွာသူ ၊ ရွာသားများ အလုပ်ကိုင် အခွင့်လမ်းများ ပိုမို ရရှိလာပြီး စီးပွားရေး လုပ်ငန်းများ ပိုမို အဆင်ပြေလာမည်ဟု သုံးသပ်မိပါသည်။

ကျေးရွာ ---ဆားချင်ကြီး------

ကျေးရွာအုပ်စု ----မာဘသဝိ------

# ရာသီခွင်ပြ ပြက္ခဒိန်

ရက်စွဲ ။ ၂၆ - ၂ - ၂၀၀၇

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | လယ် | | | | | | - | - | | | | - | - |
| ၂။ | ကိုင်း | - | - | - | - | - | | | | | | | |
| ၃။ | ရာသီဥတု | | | | | | | | | | | | |
| ၄။ | ကျန်းမာရေး | - | | | - | - | - | - | - | | | - | - |
| ၅။ | ဝင်ငွေ | $ $ | $ | - | - | - | - | - | - | | $ $ $ | $ $ $ $ | $ $ $ |
| ၆။ | ထွက်ငွေ | - | - | - | | | - | | | - | - | - | - |
| ၇။ | ပွဲလမ်းသဘင် |  | | | | |  |  |  | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |
| | | | | | | | | | | | | | |

စမျှင်ကြီး ကျေးရွာ ဓါဓယသာဓိ:အုပ်စု

## ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

စမျှင်ကြီး ကျေးရွာတွင် လယ်လုပ်ငန်း လုပ်ကိုင်ကြသူများသည် တန်ခူးလမှ ပြာသိုလအထိ လုပ်ကိုင်ကြပါသည်။ တန်ခူးလတွင် လယ်မြေထွန်ယက်ခြင်းများကို စတင်ပြုလုပ်ကြပြီး စပါးစိုက်ပျိုးခြင်းကို ကဆုန်၊ နယုန်၊ ဝါဆိုလများတွင် ဆောင်ရွက်ကြပါသည်။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် စပါးရိတ်သိမ်းကြပါသည်။ ကျန်လများတွင် လယ်လုပ်ငန်းနှင့် ပတ်သက်သော ပဲမှုန်လုပ်ငန်းများကိုသာ လုပ်ကိုင်ကြပါသည်။

ကိုင်းလုပ်ငန်းများကို တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကိုင်းထွန်ခြင်း၊ ပျိုးကြဲခြင်းများကို ပြုလုပ်ကြပြီး နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ပဲနှုတ်ခြင်း၊ နှမ်းခြွေခြင်းများကို လုပ်ကိုင်ကြပါသည်။

ရာသီဥတုအခြေအနေများမှာ - တန်ခူး၊ ကဆုန်လများတွင် နေပူပါသည်။ ကဆုန်၊ နယုန်လများတွင် မိုးစတင်ရွာသွန်းတတ်ပြီး ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းထန်စွာ ရွာသွန်းတတ်ပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် နေပူလိုက်၊ မိုးရွာလိုက် ဖြစ်တတ်ပါသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် နေပူ၍ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် မနက်စောစောပိုင်းနှင့် ညဘက်တွင် နှင်းကျ၍ နေ့ခင်းဘက်တွင် နေပူပါသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ကဆုန်၊ နယုန်လများတွင် ငှက်ဖျားရောဂါ၊ နတ်တော်၊ ပြာသိုလများတွင် ဝမ်းပျက်၊ ဝမ်းလျှောခြင်းများ ဖြစ်တတ်ကြပါသည်။

လယ်၊ ကိုင်း လုပ်ငန်းများကို လုပ်ကိုင်ကြသူများသည် ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် စပါး၊ ပဲ၊ နှမ်းများ ပေါ်ချိန်ဖြစ်၍ ဝင်ငွေများ ရရှိကြပါသည်။ ကျန်လများတွင် လုပ်ငန်းများနှင့် စားဝတ်နေရေးအတွက် ထွက်ငွေများ ရှိကြပါသည်။

ပွဲလမ်းသဘင်နှင့် လူမှုရေးလုပ်ငန်းများကို တစ်နှစ်ပတ်လုံးနီးပါး ဆောင်ရွက်ကြပြီး တန်ခူး၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အများဆုံး ပြုလုပ်ကြပါသည်။

ကျေးရွာ ---စပျဉ်ကြီး----- ကျေးရွာအုပ်စု ---ခါခါသာခြိး-----

ရက်စွဲ ။ ၂၆ - ၂ - ၂၀၁၇

# ကျား/မ ရေးရာ ခွဲခြားစိတ်ဖြာခြင်း

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ် ထိန်းချုပ်မှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ် ၊ ကိုင်း | ✓ | | |
| ဆန်စက် | ✓ | | |
| ကျွဲ ၊ နွား | ✓ | | |
| လယ်ယာသုံးစက် | ✓ | | |
| ဆိုလာ | ✓ | | |
| လှည်း ၊ လှေ | ✓ | | |
| ဆိုင်ကယ် ၊ စက်ဘီး | ✓ | | |
| အိမ် ၊ ခြံ | ✓ | | |
| အပ်ချုပ်စက် | | ✓ | |
| ကြက် ၊ ဝက် ၊ ဘဲ ၊ ဆိတ် | | ✓ | |

ကျေးရွာ --ဓားဖြူကြီး------ ကျေးရွာအုပ်စု --မဲလသာဝါဆိုး------

ရက်စွဲ ။ ၂၆-၂-၂၀၀၇

# ကျား/မ ရေးရာ ခွဲခြားစိတ်ဖြာခြင်း

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်အသုံးပြုမှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ် / ဆိုင်း | ✓ | | |
| ကျွဲ / နွား | ✓ | | |
| လယ်ယာသုံး စက် | ✓ | | |
| ဆန်စက် | ✓ | | |
| ခြံလာ | | | ✓✓ |
| အိမ်ချုပ်စက် | | ✓ | |
| အိမ် / ခြံ | | | ✓✓ |
| ဆိုင်ကယ် / စက်ဘီး | | | ✓✓ |
| လှည်း / လှေ | | | ✓✓ |
| ကြက် / ဝက် / ဘဲ / ဆိတ် | | ✓ | |
| | | | |

စာချွန်ကြီး ကျေးရွာ မမလေးသင်း ဒုဥပိရ

## ကျား ၊ မ ရေးရာ ပိုင်ဆိုင်မှု ၊ ထိန်းချုပ်မှု ခွဲခြားစိတ်ဖြာခြင်း

## သုံးသပ်ချက်

စာချွန်ကြီး ကျေးရွာတွင် ပိုင်ဆိုင်အသုံးပြုသော အရင်းအမြစ် များမှာ လယ်၊ ကိုင်း ၊ ဆန်စက်၊ ကျွဲ ၊ နွား ၊ လယ်ယာသုံးစက်၊ ဆိုလာ၊ ဆိုင်ကယ်၊ စက်ဘီး၊ လှည်း၊ ရွှေ၊ အပ်ချုပ်စက်၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် အိမ်ခြံ စသည်တို့ ဖြစ်ကြပါသည်။

လယ်၊ ကိုင်း၊ ဆန်စက်၊ ကျွဲ ၊ နွား ၊ လယ်ယာသုံးစက်၊ စသည်တို့ကို အမျိုးသားများမှ အများဆုံး အသုံးပြုကြပြီး အမျိုးသား များမှ ထိန်းချုပ်ထားပါသည်။


အပ်ချုပ်စက်၊ ကြက်၊ ဝက် ၊ ဘဲ ၊ ဆိတ် များကို အမျိုးသမီး များမှ အသုံးပြုပြီး အမျိုးသမီးများမှ ထိန်းချုပ်ထားပါသည်။

ဆိုင်ကယ်၊ စက်ဘီး ၊ လှည်း ၊ ရွှေ၊ အိမ်၊ ခြံ များကို အမျိုးသား နှင့် အမျိုးသမီး များ အတူတူ အသုံးပြုပြီး အဆိုပါ အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။

ကျေးရွာ ---[illegible]------  ကျေးရွာအုပ်စု ---[illegible]------

ရက်စွဲ ။ ၂၆ - ၂ - ၂၀၁၇

ပင့်ကူအိမ်ပုံစံ – ကျား + မ



ရချင်းကြီး ကျေးရွာ                    မမသာခင်းအုပ်စု

## ဂျန်ဒါ သုံးသပ်ချက်

ရချင်းကြီးကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ လူနေမှု ဘဝများကို ဓိဝ်ကိန်း (ပထမနှစ် ဝက်ဝန်း) အပြီး ပြန်လည်လေ့လာ ရာတွင် အိမ်မှုကိစ္စများကို အမျိုးသားများမှ ပိုမိုကူညီ ဆောင်ရွက် လာသည်ကို တွေ့ရှိရပါသည်၊

ဝင်ငွေရှာဖွေမှုများတွင် ဓိဝ်ကိန်းလုပ်ငန်းများ ဆောင်ရွက် ရာတွင် အမျိုးသမီးများအား အမျိုးသားများနှင့် တန်တူအခွင့်အရေး ရရှိသဖြင့် ယခင်နှစ်များထက် အမျိုးသမီးများ ဝင်ငွေပိုမို ရရှိ လာခဲ့ပါသည်၊

ဦးဆောင်နိုင်မှု များတွင်လည်း အမျိုးသမီးများသည် ဓိဝ်ကိန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်ခဲ့သောကြောင့် ဦးဆောင်နိုင်မှု စွမ်းရည်များ ပိုမိုမြင့်တက် လာသည်ကို တွေ့ရှိခဲ့ရပါသည်၊

ကျန်းမာရေး နှင့် ပညာရေး ကိစ္စများတွင် အမျိုးသားနှင့် အမျိုးသမီးများ တန်းတူညီမျှမှု ရှိကြောင်း တွေ့ရှိရပါသည်။


လုံခြုံမှု များတွင် အမျိုးသားများသည် အမျိုးသမီးများ ထက် သာလွန်နေသေးကြောင်း လေ့လာ တွေ့ရှိခဲ့ပါသည်။

ကျေးရွာ ---ရေကျဉ်ကြီး------

ကျေးရွာအုပ်စု ---ဇမ္ဗူသာဒီ------

ရက်စွဲ ။ ၂၆-၂-၂၀၁၇

# ကျေးရွာဖွဲ့စည်း ချိတ်ဆက်မှုပြ ဇယား



စမျဉ်းကြီးကျေးရွာ　　　　　　　　မမဟာဓိုးအုပ်စု

## အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံစံ

## သုံးသပ်ချက်


စမျဉ်းကြီးကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများအား ဒုတိယ စက်ဝန်းအစတွင် ပြန်လည်လေ့လာရာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ စီ၊တောက်ကော်မတီ (CDD)၊ ဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ ကျေးရွာမီးသတ်အဖွဲ့၊ သာရေးနာရေး အမျိုးသားအဖွဲ့၊ သာရေးနာရေး အမျိုးသမီးအဖွဲ့ စသည်တို့ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အဖွဲ့အစည်းများ အားလုံးသည် အပြန်အလှန် ချိတ်ဆက်မှုရှိပြီး ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အတူတူပူပေါင်း ဆောင်ရွက်ကြပါသည်။

စမျဉ်းကြီးကျေးရွာနှင့် ချိတ်ဆက်မှုရှိသည့် ပြင်ပအဖွဲ့အစည်းများမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် CDD ရုံး၊ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့၊ NGO အဖွဲ့အစည်းများ၊ မြို့နယ်မီးသတ်အဖွဲ့ စသည်တို့ ဖြစ်ကြပါသည်။

စမျဉ်းကြီးကျေးရွာအတွင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းများ နှင့် မြို့နယ်အဆင့် ဦးစီးဌာန အဖွဲ့အစည်းများသည် စီမံကိန်း ပထမနှစ် စက်ဝန်းတွင် ချိတ်ဆက်မှုများ အားကောင်းလာခဲ့ပြီး ကျေးရွာ၏ အခက်အခဲများအား သက်ဆိုင်ရာဦးစီး ဌာနများသို့ တင်ပြဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

စာချုန်ကြီး ကျေးရွာ

မမယာခင်းဆုပိုရ



စမျှင်ကြီး ကျေးရွာ　　　　　　　　　　မခေသင်းဆုပိုင်

## ပြဿနာသစ်ပင် သုံးသပ်ချက်

စမျှင်ကြီး ကျေးရွာတွင်ရှိသော အခက်အခဲ ပြဿနာများထဲမှ အဓိက အကြောင်းရင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကို ပြဿနာသစ်ပင်ပုံ ဆွဲ၍ ဆွေးနွေးခဲ့ပါသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲရခြင်း အကြောင်းများမှာ လမ်းများသည် မြေသားလမ်းဖြစ်၍ မကြာခဏ ပျက်စီးခြင်း ၊ ရွာချင်းဆက် တံတား ပျက်စီးနေခြင်း ၊ ရေထုတ်ပြွန်များ ပျက်စီးခြင်း ၊ ရေကြီး ၊ ရေလျှံခြင်း ၊ လမ်းနှင့်တံတားများ ပြုပြင်ရာတွင် ရန်ပုံငွေ လုံလောက်မှု မရှိခြင်း စသည်တို့ ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ကလေးများ ပညာသင်ကြားရေးအတွက် သွားလာရာတွင် အန္တရာယ်ရှိခြင်း ၊ ကျန်းမာရေးကိစ္စများ အဆင်မပြေခြင်း ၊ သယ်ယူပို့ဆောင် စရိတ်များခြင်း ၊ စီးပွားရေး နှောင့်နှေးခြင်း ၊ လူမှုရေး ကိစ္စများ ပြုလုပ်ရာတွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခြင်း စသည့် အကျိုးဆက်များ ဖြစ်ပေါ်နေပါသည်၊

### အနှစ်ချုပ်

စမျှင်ကြီး ကျေးရွာ၏ အခက်အခဲများတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းမှာ အဓိက အကျဆုံး ဖြစ်ပါသည်။ ထို့ကြောင့် စမျှင်ကြီး ကျေးရွာမှ ရွာသူ ၊ ရွာသားများ အားလုံးသည် ရွာချင်းဆက် တံတား ပြုပြင်ခြင်း ၊ ရွာချင်းဆက်လမ်း ပြုပြင်ခြင်း ၊ ရွာတွင်းလမ်း ပြုပြင်ခြင်း များကိုသာ ဆောင်ရွက်လိုကြောင်း သိရှိခဲ့ရပါသည်။

စာရင်းကြီး ကျေးရွာ                                                    ဒေါဝဝါခါးဆည်ဂွ

| စဉ် | အမည် | ရာထူး/တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးဖာခေါဒရူး | ကျေးရွာ စီ၊ မောက်ဒုဥက္ကဋ္ဌ | |
| ၂ | နော်ဖော်လူးလူ | 〃 | |
| ၃ | ဦးလှဝင်း | ဝတ်ပြုရေး (ဒုဥက္ကဋ္ဌ) | |
| ၄ | နော်ဆားဒူး | 〃 | |
| ၅ | နော်ဒူးဝေမော် | 〃 | |
| ၆ | ဦးမှေလှ | စောင့်ကြည့်ကြီးကြပ်ရေး | |
| ၇ | ဖော်ချိုလို | 〃 | |
| ၈ | စောခင်းကြည် | လည်ပတ် ၊ ပြုပြင်ရေး | |
| ၉ | နော်လှလှ | 〃 | |
| ၁၀ | စောခင်းခင်းအောင် | ကျေးရွာ ငွေစာရင်းကိုင် | |
| ၁၁ | ဦးဝါးလူးဒူး | ဝေမျှခြင်းကြီးပြ ကိုယ်စားလှယ် | |
| ၁၂ | နော်ကေဒူး | 〃 | |
| ၁၃ | စောကဘု | စေတနာ့ဝန်ထမ်း | |
| ၁၄ | နော်လားဖေးဟဲ | 〃 | |
| | | | |
| | | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦး ဘား ကာဝရူး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-262154464 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး ကောင်း မြွှန်ကျော် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု မ၊ခ၊၁၁၁၀: | ကျေးရွာ စ၊ချင်ကြီး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင် | ၆၉ | ဘာသာ (၁) --ဗုဒ္ဓ---- | ၆၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင် | ၂၃၃ | ၂၂၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၇ | ၁၂ |

၄၆၁

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>ခရစ်ယာန် ချာ့ချ် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက်<br>ကျောင်း: လုပ်သား: | | | မှတ်ချက်<br>အာရုံ သား: ဖွား: | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - ဦးဖားကာဝူး

လက်မှတ် (signature) နေ့စွဲ ၂၆/၂/၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် - ဦးကောင်းမွန်ကျော်

လက်မှတ် (signature) နေ့စွဲ 26/2/2017

# ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် – ဦး ကောဇ [illegible] ကျော် | | | |
| နေ့စွဲ 26 / 2 / 2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26/2/2017 | 26/2/2017 | ၁၄ | ၄၁ | ၅၅ | ကရင် \| ၅၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 26/2/2017 | 26/2/2017 | ၁၄ | ၄၁ | ၅၅ | ကရင် \| ၅၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 27/2/2017 | 27/2/2017 | ၁၄ | ၁၄ | ၂၈ | ကရင် \| ၂၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 13/5/2017 | 13/5/2017 | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 13/5/2017 | 13/5/2017 | | | | - |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 13/5/2017 | 13/5/2017 | | | | - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 13/5/2017 | 13/5/2017 | | | | - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 13/5/2017 | 13/5/2017 | | | | - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦး ကောင်း မြင့် ကျော် | | |
| နေ့စွဲ 26/ 2/ 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သစ်သား တံတား ဖြစ်၍ နှစ်စဉ် ပျက်စီး ခြင်း ကြောင့် သွားလာရေး ခက်ခဲ | ၁ | တံတား ကျဉ်း၍ ပျက်စီး နေခြင်း ကြောင့် သွားလာရာတွင် အန္တရာယ် ရှိခြင်း |
| ၂ | မြေသား လမ်း များ ဖြစ်၍ မိုးရာသီ တွင် ရွှံ့ထ၍ သွားလာရေး ခက်ခဲ | ၂ | တံတား ပျက်စီး နေခြင်း ကြောင့် ကျန်းမာရေး နှင့် ပညာရေး ကိစ္စ များ အဆင် မပြေခြင်း |
| ၃ | တံတား ပျက်စီး နေခြင်း ကြောင့် ကလေး များ အလယ်တန်း ပညာသင် ကြား ရာတွင် အန္တရာယ် ရှိ | ၃ | လမ်း များ ရွှံ့ထ၍ ပျက်စီး ခြင်း ကြောင့် သွားလာရေး ခက်ခဲ |
| ၄ | လျှပ်စစ်မီး မရှိခြင်း ကြောင့် ကလေး များ ညအချိန်စာကြည့်ရာတွင် ခက်ခဲ | ၄ | ဆေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း မရှိခြင်း ကြောင့် ကျန်းမာရေး ကိစ္စ များ ခက်ခဲ |
| ၅ | တံတား နှင့် လမ်း များ ပျက်စီး နေခြင်း ကြောင့် စီးပွားရေး / ပညာရေး ကိစ္စ များ ခက်ခဲ | ၅ | လျှပ်စစ်မီး မရှိခြင်း ကြောင့် ကလေး များ စာကြည့်ခြင်း နှင့် အမျိုးသမီး များ ချက်ပြုတ်ရာတွင် ခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သွားလာရေး အတွက် အဆင်ပြေ သော ကွန်ကရစ် တံတား ရချင် | ၁ | ရာသီမရွေး အန္တရာယ်ကင်း စွာ သွား လာရေး အတွက် ကွန်ကရစ် တံတား ရချင် |
| ၂ | ရာသီမရွေး သွား လာရေး အတွက် အဆင်ပြေသော လမ်း များ ဖြစ်ချင် | ၂ | သွားရေး အတွက် အဆင်ပြေ သော လမ်း များ ဖြစ်ချင် |

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၃ | တစ်ရွာလုံး လျှပ်စစ်မီး လင်းချင် | ၃ | ဆေးပေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း ရှိစေချင် |
| ၄ | ဆေးပေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်းများ ရှိစေချင် | ၄ | တစ်ရွာလုံး လျှပ်စစ်မီးများ လင်းစေချင် |
| ၅ | ကလေးများ ပညာသင်ကြားရန် ပြည့်စုံလုံလောက်သော စာသင်ဆောင် များ ရှိစေချင် | ၅ | ကလေးများ ပညာသင်ကြားကာလတွင် ကောင်းမွန်လုံလောက်သော စာသင်ဆောင် များ ရှိစေချင် |
| ၆ | | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်ကွန်ကရစ် တံတားတည်ဆောက်ခြင်း | ကျား + မ | ၃၇,၀၀,၀၀၀ | ၄၆၁ |
| ၂ | ရွာတွင်း မြေသားလမ်း ပြုပြင်ခြင်း နှင့် ရေမြောင်း တည်ဆောက်ခြင်း | ကျား + မ | ၈၀၀၀၀၀၀ | ၄၆၁ |
| ၃ | ရွာတွင်းလမ်း ဂဝံခင်းခြင်း | ကျား + မ | ၁၀,၅၀၀,၀၀၀ | ၄၆၁ |
| ၄ | | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[signature]--- နေ့စွဲ---26/2/2017---

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ကော‌ဇ ခွန်ကျော် |

| | | | |
|---|---|---|---|
| နေ့စွဲ | 27 / 2 / 2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု | ဖဲဖလာဇ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ထိုက်လူ | ကျောက်ခင်းလမ်း ဝဝခင်းခြင်း | 370' × 8' × 9" | 741 | ☐ ကျား ☐ မ ☑ ကျား+ မ | 3200000 | | | | 3200000 |
| | ကျောက်ချင်းဆက် လမ်း ဝဝခင်း ခြင်း | 3465' × 8' × 9" | 741 | ☐ ကျား ☐ မ ☑ ကျား+ မ | 12300000 | | | | 12300000 |
| ခဖျင်ကြီး | ကျောက်ခင်းလမ်း မြေသားတင ခြင်းနှင့် | (1100' × 10' × 9") +(235' × 10' × 3') +(477' × 10' × 1') | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | ရေမြောင်းတည်ဆောက်ခြင်း | 3(1'-6" × 12' L) | 461 | ☐ ကျား ☐ မ ☑ ကျား+ မ | 4200000 | | | | 4200000 |
| | ကျောက်ချင်းဆက် လမ်း ဝဝခင်း ခြင်းနှင့် | 2200' × 8' × 9" | 461 | ☐ ကျား ☐ မ ☑ ကျား+ မ | 10037000 | | | | 10037000 |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

Slub Culvert

တည်ဆောက်ခြင်း နော်ဖေါလူးလူ (signature) 27 - 2 - 2017

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ မယမ်းကျေးရွာအုပ်စု စဖျင်ကြီးကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း ပထအကြိမ်၊ ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၂ | ကျေးရွာလူထု | ၅၅ဦး(PC – 12 ) |
| ၃ | ဦးဖားမောင်ထူး | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) |
| ၄ | နော်ဖေါလူးလူ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) |
| ၅ | ဦးလှဝင်း | (ဝယ်ယူရေးကော်မတီဥက္ကဌ) |
| ၆ | နော်ဆားထူး | (ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်) |
| ၇ | နော်ထူးဂေဖေါ | (ဝယ်ယူရေးဆပ်ကော်မတီအဖွဲ့ဝင်) |
| ၈ | ဦးရွှေလှ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) |
| ၉ | ဒေါ်ချိုလို | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) |
| ၁၀ | စောမင်းကြည် | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ) |
| ၁၁ | နော်လှလှ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) |
| ၁၂ | ဦးဝါးလူးထူး | (ဂေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၃ | နော်ကေထူး | (ဂေဖန်အကြံပြုကိုယ်စားလှယ်) |
| ၁၄ | စောကဘု | (စေတနာ့ဝန်ထမ်း) |
| ၁၅ | နော်လားစေးဟဲ | (စေတနာ့ဝန်ထမ်း) |
| ၁၆ | စောမင်းမင်းအောင် | (ကျေးရွာငွေစာရင်းကိုင်) |

ရည်ရွယ်ချက်

လူထုဖဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်း၊ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

ဆွေးနွေးချက်များ

၁။ ရှေးဦးစွာ စဖျင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် ဝန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးဦးကောင်းမွန်ကျော်မှ လူထုဖဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံ ကိန်းစက်ဝန်းများကိုရှင်းလင်းပြောကြားခဲ့သည်။

၃။ အကျုံးဝင်၊အကျုံးမဝင်သောလုပ်ငန်းများအကြောင်းကိုရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့်ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်နှင့် အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကိုအသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထို့နောက်အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေး လုပ်ငန်းများကိုရွေးချယ်ခဲ့ကြသည်။

၆။ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်း အစီအစဉ်ကို လူထုစည်းရုံးရေးမှူးဦးကောင်းမွန်ကျော်မှ ဦးဆောင်၍ ကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ပထမနှစ်စီမံကိန်း တွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို ဒုတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးတင်ပြခဲ့ပါသည်။ သို့ရာတွင် တချို့သော ကော်မတီဝင်များသည် စားဝတ်နေရေးအရ ပြောင်းရွှေ့နေထိုင်ရသောကြောင့် ထိုသူများအစား ထပ်ရွေးမှအဆင်ပြေမည်ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

၇။ထို့နောက် လိုအပ်သောကော်မတီဝင်များကို ကျေးရွာလူထုသဘောတူဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၈။ ထို့နောက် ဒုတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့်လုပ်ငန်းများကိုဆွေးနွေးပြီးအများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်များ

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | ဦးဖားမောင်ထူး |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | နော်ဖေါလူးလူ |
| ၃ | (ဂယ်ယူရေးကော်မတီဥက္ကဌ) | ဦးလှဝင်း |
| ၄ | (ဂယ်ယူရေးအဖွဲ့ဝင်) | နော်ဆားထူး |
| ၅ | (ဂယ်ယူရေးအဖွဲ့ဝင်) | နော်ထူးဂေဖေါ |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | ဦးရွှေလှ |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ) | ဒေါ်ချိုလို |
| ၈ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ) | စောမင်းကြည် |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ) | နော်လှလှ |
| ၁၀ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | ဦးဝါးလူးထူး |
| ၁၁ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ကေထူး |
| ၁၂ | (စေတနာ့ဂန်ထမ်း) | စောကဘု |
| ၁၃ | (စေတနာ့ဂန်ထမ်း) | နော်လားစေးဟဲ |
| ၁၄ | (ကျေးရွာငွေစာရင်းကိုင်) | စောမင်းမင်းအောင် |

(၁)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | ရွာချင်းဆက်ကွန်ကရစ်တံတားတည်ဆောက်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၂ | ရွာတွင်းမြေသားလမ်းပြုပြင်ခြင်းနှင့် ရေမြောင်းတည်ဆောက်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၃ | ရွာချင်းဆက်လမ်းဂဝံခင်းခြင်းနှင့်Slab Culvert တည်ဆောက်ခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |

၈။ အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့် ( ၂း၃၀) နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

အမည် - ဦးကောင်းမွန်ကျော်

ရာထူး - လူထုစည်းရုံးရေးမှူး